PYI MYANMAR NEWS JOURNAL

# ပြည်မြန်မာ သတင်းဂျာနယ်

အမှတ် (၆၉၅) ၁၉၉၆ ခုနှစ်၊ ဧပြီလ ၁ ရက်မှ စတင်ထုတ်ဝေသည်။ 10-12-2009 (ကြာသပတေးနေ့)







## ဉာဏ်တော် ၈၀ ၁၈၀ ရှိ ဘုရားကြီးကို ဩစတြေးလျ၌ တည်ထားပူဇော်မည်

ရိုးနိုင်ပြည်နယ်၊ စစ်တွေမြို့၊ အံကိုန်းတော်တုန်းရှိ မဟာလေယျသိဒ္ဓိ အဓိဋ္ဌာန်ဆရာတော်ကြီး၏ ဦးဆောင်မှုဖြင့် ဉာဏ်တော်အမြင့်ပေ ၁၈၀ ရှိ အနန္တသိဒ္ဓိဆုတောင်းပန်ဘုရားရုပ်ပွားတော်မြတ်ကြီးကို ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့၌ တည်ထားပူဇော်မည်ဖြစ်သည်။ ဆင်းတုတော်ကြီးသည် ဩစတြေးလျဒေါ်လာလေးသန်းကျော်ကုန်ကျမည်ဖြစ်ပြီး ဘာသာရေးအဆောက်အအုံများသည် ဒေါ်လာနှစ်သန်းကျော် ကုန်ကျမည်ဟု ခန့်မှန်းထားပါသည်။ ကမ္ဘာအရပ်ရပ်မှ အလှူတော်ငွေများကို ကောက်ခံနိုင်ရန်အတွက်လည်း အဓိဋ္ဌာန်ဗုဒ္ဓသာသနာပြုကျောင်း (ဩစတြေးလျ)ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ ၈-၁၀ သို့

မျက်နှာဖုံးသတင်း "ဉာဏ်တော် အမြင့်ပေ ၁၈၀ ရှိ အနန္တသိဒ္ဓိဆုတောင်းပန်ဘုရားကြီးကို . . ." မှအဆက်






အဆိုပါ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး **တည်ထားရေးစီမံကိန်းသည် လေးနှစ်ခန့်ကြာမြင့်မည်**ဟု ခန့်မှန်းထားသည်။ ၂၀၀၉ ခုနှစ်တွင် အဖွဲ့အစည်းများကို ဖွဲ့စည်းခဲ့ပြီး အခြေခံဗိသုကာဒီဇိုင်းများကို စတင်ဆောင်ရွက်လျက်ရှိသည်။ နယူးဆောက်ဝေးအစိုးရထံမှလည်း မြေနေရာရရှိရေးအတွက် ဆောင်ရွက်ထားပြီးဖြစ်ရာ ခွင့်ပြုချက်ရရှိထားပြီးဖြစ်သည်။ ၂၀၁၀ပြည့်နှစ်တွင် ရုပ်ပွားတော်တည်ဆောက်ရေးအခြေခံအုတ်မြစ်ကို စတင်ချထားပြီး ၂၀၁၄ ခုနှစ်တွင် ဆင်းတုတော်ကြီး ပြီးစီးမည်ဟု ခန့်မှန်းထားသည်။ ၂၀၁၆ ခုနှစ်တွင် အခြားသော ဗုဒ္ဓဘာသာသာသနိကအဆောက်အအုံများဖြစ်သည့် သိမ်တော်ကြီးနှင့်ဘုန်းကြီးကျောင်းများ ပြီးစီးမည်၊ ၂၀၁၈ ခုနှစ်တွင် တရားစခန်း အဆောက်အအုံများ ပြီးစီးမည်ဟု ခန့်မှန်းထားသည်။

ရုပ်ပွားတော်မြတ်ကြီးတည်ထား ရန်အတွက် အဓိဋ္ဌာန်ဆရာတော်ကြီးဦးဆောင်လျက် အဓိဋ္ဌာန်ဗုဒ္ဓသာသနာပြုအဖွဲ့ (ဩစတြေးလျ)ကို ဆစ်ဒနီမြို့တွင် ဖွဲ့စည်းခဲ့ပြီး ဆစ်ဒနီမြို့နှင့် ကမ္ဘာအရပ်ရပ်ရှိ ဗုဒ္ဓဘာသာဝင်သူတော်စင်များ၏ ကာယ၊ ဉာဏအစွမ်းအားအကူအညီများကို ရယူပြီး မြန်မာလက်မှုပညာရှင်များနှင့် ခေတ်ပညာတတ်လူငယ်ပညာရှင်များ ပါဝင်သော လုပ်ငန်းအဖွဲ့များကိုလည်း ဖွဲ့စည်းထားကာ ဆင်းတုတော်ကြီးတည်ဆောက်ရေးစီမံကိန်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ဆစ်ဒနီမြို့၏ သာသနာရေးဆိုင်ရာ ဗုဒ္ဓဘာသာကျက်သရေဆောင်အဖြစ် ပြည်ပတွင် တန်ဖိုးကြီးထင်ရှားသော ဗုဒ္ဓဘာသာဆင်းတုတော်ကြီးတစ်ဆူဖြစ်လာစေရန် ရည်ရွယ်ထားကြောင်း သိရသည်။ နိုင်ငံအရပ်ရပ်မှ ဗုဒ္ဓဘာသာဝင်သူတော်စင်များ ဖူးမြော်ကြည်ညိုနိုင်ရန်နှင့် လူမျိုးမရွေး၊ ဘာသာမရွေး လာရောက်လေ့လာ အပန်းဖြေနားနေနိုင်ရန်အတွက် လှပသော ဥယျာဉ်ပန်းခြံများနှင့် ကုမ္ပဏီဧရိယာ ကန်များကိုပါ ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ မြန်မာ့ရှေးမိုးရာ ဗိသုကာလက်ရာများကို အဓိကထည့်သွင်းတည်ဆောက်အသုံးပြုသွားမည်ဖြစ်ကြောင်း၊ **ဆင်းတုတော်ကြီးကို ဆစ်ဒနီမြို့မှ ၁နာရီခန့်ဝေးကွာသောနေရာတွင် ဧက ၂၀ ခန့်ကျယ်ဝန်းသော မြေကွက်အတွင်းရှိ တောင်ကုန်းပေါ်၌ တည်ဆောက်ရန်ရည်ရွယ်ထားကြောင်း၊** ဆင်းတုတော်ကြီးပြီးပါက သိမ်တော်ကြီးနှင့် တရားစခန်းများကိုပါ ဆက်လက်တည်ဆောက်သွားမည်ဖြစ်သည်။ လုပ်ငန်းကော်မတီများအဖြစ် အထွေထွေ၊ ဘဏ္ဍာရေး၊ တာဝန်၊ ပစ္စည်းများ၊ လုပ်ငန်းများအဖြစ် ခွဲခြားလုပ်ဆောင်နေပြီး အလှူခံဌာနအဖြစ် Email: donation @abmc.com.au သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး ဝက်ဘ်ဆိုက်တာဝန်ခံမှာ ဦးခင်မောင်ညွန့်ဖြစ်သည်။

အသေးစိတ်ကို သိရှိလိုပါက ဦးသိဒ္ဓိလှ(ဖုန်း-၀၄၁၇ ၄၀၄ ၆၁၁)၊ ဦးကျော်ဇေယျ (ဖုန်း- ၀၄၃၃ ၅၃၀ ၅၂၇) နှင့်ဦးခင်မောင်ညွန့် (ဖုန်း-၀၄၃၂ ၂၉၁ ၇၀၀)တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **သီဟကျော်ခေါင်**